မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com;   Website : www. blc-burma.org

# မြန်မာနိုင်ငံရှေ့နေများကောင်စီအား မတရားအသင်းဖြစ်ကြောင်းကြေငြာချက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

နအဖ ၏အမိန့်ကြေငြာစာအမှတ် - ၁/၂၀၀၉ အရ၂၀၀၉ ခုနှစ်၊ ဧပြီလ (၁၀) ရက် နေ့စွဲဖြင့် မြန်မာနိုင်ငံရှေ့နေများကောင်စီအားမတရားအသင်းအဖြစ်ကြေငြာသည့်ကြေငြာချက်နှင့်စပ်လျဉ်း၍အောက်ပါအတိုင်း ထုတ် ပြန်လိုက်သည်။

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကိုးကားထုတ်ပြန်သည့် ၁၉၀၈ ဒီဇင်ဘာ (၁၁) ရက်နေ့တွင်အတည်ပြုကျင့်သုံးခဲ့သော မတရားသင်းဥပဒေအရ တရားဝင်အစိုးရတရပ်ကသာလျှင် အသင်းအဖွဲ့တရပ်ရပ်ကို မတရားအသင်းအဖြစ်ကြေငြာခွင့်ရှိသည်။ အဆိုပါ မတရားသင်းဥပဒေ ပုဒ်မ-၁၆ အရကြေငြာချက်ထုတ်ခွင့်ရှိသူမှာနိုင်ငံတော်သမ္မတသာဖြစ်သည်။တရားဝင်အစိုးရလည်းမဟုတ်နိုင်ငံတော်သမ္မတကထုတ်ပြန်ခြင်းလည်းမဟုတ်၊တရားမဝင်အာဏာသိမ်းစစ်အစိုးရကထုတ်ပြန်သော၎ကြေငြာချက်သည်ဥပဒေကြောင်းအရ လုံးဝတရားမဝင်ပါ။

၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည်လည်းကောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီတွင်အဖွဲ့ဝင်အဖြစ်ပါဝင်လုပ်ဆောင်နေကြသော ရှေ့နေကြီးများသည်လည်းကောင်း၊ ရုံးဌာနအသီးသီးတွင် တာဝန်ယူလုပ်ဆောင် လျက်ရှိကြသော ဝန်ထမ်းများသည်လည်းကောင်း၊ မတရားသင်းဥပဒေနှင့် အကြုံးဝင်သည့် အကြမ်းဘက်သမားများမဟုတ်ကြ ပြစ်မှုကျူးလွန်သူများ မဟုတ်ကြ။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် အညီ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်ကို အသုံးပြုလျှက် ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့် လူ့အဖွဲ့အစည်းပြောင်းလဲအောင် ဥပဒေရှုဒေါင့်မှ ကြိုးပမ်းနေကြသူများဖြစ်သည်။ ဥပဒေပြဌာန်းချက် နှင့် အကြုံးမဝင်ဘဲ စွပ်စွဲသူများသည်သာ ဥပဒေကို တလွဲ အသုံးချသူများ၊ ဥပဒေ စိုးမိုးရေးကို ချိုးဖေါက်သူများ ဖြစ်သည်၊

၃။ မတရားသင်းဥပဒေပုဒ်မ-၁၆ အရ တရားဝင်အစိုးရတရပ်၏ နိုင်ငံတော်သမ္မတသည် ယင်းဥပဒေပြဌာန်းချက်များနှင့် အကြုံးဝင်လျှင် အသင်းအဖွဲ့တခုကို မတရားသင်းကြေငြာခွင့်ရှိသည်။ သို့ရာတွင် ယင်းဥပဒေအရပင် မတရားအသင်းအဖွဲ့တခုနှင့် ဆက်စပ်လျှက်ရှိသော အသင်းအဖွဲ့များကို မတရားသင်းအဖြစ် လုံးဝ ကြေငြာ ခွင့် မရှိပါ။

၄။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများကိုပါ မတရားအသင်းအဖြစ် ကြေငြာလိုက်ခြင်းသည် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့်လက်တွဲလုပ်ဆောင်လျက်ရှိသော နိုင်ငံ တကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဥပဒေအဖွဲ့အစည်းများ၊ ငြိမ်းချမ်းမှု လွတ်လပ်မှု တရားမျှတမှု အတွက် ဦးတည်ကြိုးပမ်း လျက်ရှိသော အစိုးရများနှင့် နိုင်ငံခေါင်းဆောင်များ ကိုပါ ရာဇဝတ်မှုကျူး လွန်သူများ ဖြစ်အောင် အကွက်ဆင် ဖန်တီးလိုက်ခြင်းဖြစ်သည်။

၅။ သို့ဖြစ်သောကြောင့် မြန်မာနိုင်ငံ ရေ့နေများကောင်စီ ကိုလည်းကောင်း၊ မြန်မာနိုင်ငံရေ့နေများကောင်စီနှင့် ဆက်စပ်လျက် ရှိသောအသင်းအဖွဲ့များကို လည်းကောင်း မတရားအသင်းအဖြစ် ကြေငြာခြင်းမှာ နိုင်ငံတကာ ဥပဒေအရလည်းကောင်း၊ ပြည်တွင်းဥပဒေအရလည်းကောင်း လုံးဝ (လုံးဝ) တရားဝင်မှုမရှိကြောင်း ကြေငြာလိုက်သည်။

မြန်မာနိုင်ငံရေ့နေများကောင်စီ

အသေးစိတ်သိလိုပါလျှင်- ၁.၅.၂၀၀၉

**ဦးအောင်ထူး**
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံရေ့နေများကောင်စီ။
ဖုန်း- ၆၆(၀) ၈၁၅၃၃၀၆၀၅